# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 19, 2020 Volume 34, Number 12


၁၉.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၆/- ကျပ် |
| CBM Rate | = ၁၃၆၃.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၀၅.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၃.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၉၁.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၆၈၅ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့၏ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်များ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ထွက်ကုန်များပြည်ပနိုင်ငံများသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ စီးပွားရေးအချက်အခြာကျသော မြို့ကြီးများတွင် ကုန်သွယ်မှုဗဟိုဌာနများဖွင့်လှစ်၍ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းထွက်ကုန်များ ပြည်ပသို့ဈေးကွက်များသို့ ပိုမိုတိုးချဲ့တင်ပို့နိုင်ရေးအတွက် အဓိကကုန်သွယ်ဖက်နိုင်ငံများသို့ စီးပွားရေးသံမှူးများကိုစေလွှတ်၍ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကမ္ဘာ့ကုန်စည်ပြပွဲကြီးများ၊ နိုင်ငံတကာနှင့်ဒေသတွင်းကုန်စည်ပြပွဲများသို့ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အပြန်အလှန်အားဖြင့် နိုင်ငံတကာလုပ်ငန်းရှင်များကိုဖိတ်ခေါ်၍ ပြည်တွင်းကုန်စည်ပြပွဲများကိုလည်း အဓိကမြို့ကြီးများတွင် ရာသီအလိုက် နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။ အခြားတစ်ဖက်တွင်လည်း အမျိုးသားပို့ကုန်မဟာဗျူဟာရေးဆွဲ၍ ဦးစားပေးပို့ကုန်ကဏ္ဍများသတ်မှတ်ကာ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းဖွံ့ဖြိုးတိုးတက်စေရေးနှင့်အမျိုးအမယ်စုံလင်သော ပို့ကုန်အမယ်သစ်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးတို့ကိုဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ မဟာဗျူဟာပိုင်း၊ စီးပွားရေးသံမှူးများမှ တဆင့်သွားရောက်နိုင်သည့် နိုင်ငံတကာဈေးကွက်ပိုင်းနှင့် ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲပိုင်းဆိုင်ရာ စသည်ဖြင့် သင့်လျော်သော ပြင်ဆင်မှုများစီမံထားပြီးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် Covid-19 ကပ်ရောဂါကြောင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများထိခိုက်ခဲ့ရပြီး စီးပွားရေးတိုးတက်မှုနှုန်းများ တုန့်နှေးလာခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့မှုများကြောင့် မိမိတို့မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် လက်ရှိပြည်တွင်းထွက်ကုန်များ အခြေအနေများ၊ ထုတ်လုပ်နိုင်စွမ်း၊ ဈေးကွက်ဝင်ရောက်နိုင်မှုနှင့်တင်ပို့နိုင်မှုတို့၏ ပကတိမြေပြင်အခြေအနေများကိုသိရှိနိုင်ရန်နှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပအတွေ့အကြုံများ ဆွေးနွေးအကြံပြုနိုင်သော အရည်အသွေးပြည့်ဝသော မြေပြင်ကွင်းဆင်းလေ့လာရေး အဖွဲ့တစ်ခုဖွဲ့စည်း၍ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အလားအလာရှိသော ပို့ကုန်လုပ်ငန်းရှင်များနှင့် တစ်ဦးချင်းစီတွေ့ဆုံဆွေးနွေးအကြံပြုပေးသွားမည်ဖြစ်သည်။ ဤကဲ့သို့ ဌာနက ထိရောက်သောဦးဆောင်မှုပေးနိုင်မှသာ မြန်မာ့ထုတ်ကုန်များသည် နယ်မြို့များမှတဆင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့နိုင်ပြီး ထို့မှတဆင့် ထုတ်လုပ်နိုင်စွမ်း တိုးတက်လာကာ နိုင်ငံတကာဈေးကွက်များသို့ ပိုမိုခြေဆန့်နိုင်မည်ဖြစ်သည်။

ပထမအကြိမ်ခရီးစဉ်

၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစတင်၍ မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ယခုလိုမိုးရာသီကာလတွင် ပထမဦးဆုံးခရီးစဉ်အဖြစ် မကွေးတိုင်းဒေသကြီး (အောင်လံမြို့၊ မကွေးမြို့၊ စလေမြို့၊ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူနှင့်ရေစကြိုမြို့နယ်များ)အတွင်းရှိ လက်တို့လိုက်ပါ (ဇင်ယော်အမှတ်တံဆိပ်) မြေပဲယို၊ နှမ်းယို၊ မြေပဲလိပ်နှင့် မလိုင်လုံးလုပ်ငန်း၊ ကောင်းမွန်မြေပဲယိုနှင့်နှမ်းယိုလုပ်ငန်း၊ အိုကေ မြေပဲဆားလှော်လုပ်ငန်း၊ အမေထွားမြေပဲဆီသန့်စက်ရုံ၊ Jumjel ဇီးဖျော်ရည်နှင့် မန်ကျည်းဖျော်ရည်လုပ်ငန်း၊ ရွှေဆောင်ဇီးဖျော်ရည်နှင့်မန်ကျည်းဖျော်ရည်လုပ်ငန်း၊ သဘာဝဆိုးဆေးအသုံးပြုသည့် ဂဠုန်မင်းညီနောင်ချည်ထည်လုပ်ငန်း၊ သကြားအစားထိုးသည့် ထန်းလျက်မှုန့်ထုတ်လုပ်ငန်း၊ သွေးကျဆေးအဖြစ်အသုံးပြုသော ဒန့်သလွန်ရွက်မှုန့်စိုက်ပျိုးသည့် လုပ်ငန်းတို့သို့ သွားရောက်၍ one to one coaching လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

**ဈေးကွက်ချိတ်ဆက်မည့်လုပ်ငန်းစဉ်**

ထိုသို့ မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့၏ ခရီးစဉ်အတွင်း လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ကိုင်ဆောင်ရွက်နေသော အဆိုပါလုပ်ငန်းများ၏ ပြည်တွင်း/ပြည်ပသွင်းအားစုကုန်ကြမ်း လုံလောက်စွာရရှိမှု၊ ကျွမ်းကျင်လုပ်သားရရှိမှု၊ ကုန်ချောထုတ်လုပ်နိုင်မှု၊ ထုတ်ပိုးမှု၊ ကုန်အမှတ်တံဆိပ်နှင့်ဒီဇိုင်း၊ အရည်အသွေးဆိုင်ရာထောက်ခံချက်ရရှိမှု၊ ပြည်တွင်း/ပြည်ပဈေးကွက် ထိုးဖောက်နိုင်မှုတို့ကိုအခြေခံ၍ လိုအပ်ချက်များကို ချိတ်ဆက်ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်သည်။

ပထမဦးစွာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုလုပ်သော ပြည်တွင်းကုန်စည်ပြပွဲများ၊ Myanmar Online Expo park နှင့် နှစ်နိုင်ငံနယ်စပ်ကုန်စည်ပြပွဲများတွင်ပါဝင်စေခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့်အခြား အသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်စေခြင်း၊ ထိုမှတဆင့် အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်ရေးအတွက် စီစဉ်ချိတ်ဆက်ပေးခြင်း၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများနှင့် စီးပွားရေးသံမှူးများမှတဆင့် ပြည်ပဈေးကွက်ရှာဖွေပေးခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စေလွှတ်ထားသည့် ပြည်ပနိုင်ငံများရှိ မြန်မာစီးပွားရေးသံမှူးများထံ နမူနာများပေးပို့၍ ဈေးကွက်ရှာဖွေပေးခြင်းတို့တွင် အဆင့်ဆင့်ပါဝင်နိုင်စေရန် အောက်ဖော်ပြပါအချက်များကိုမူတည်၍ ဆောင်ရွက်မည်ဖြစ်သည်–

(က) ထုတ်လုပ်ရောင်းချမှုပိုင်း (Supply Side)ဆိုင်ရာ အခက်အခဲများကို ဆွေးနွေးအကြံပြုပေးခြင်း

( ခ ) စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ပိုင်း (Business environment)ဆိုင်ရာ ကြုံတွေ့နေရသည့်များကို ညှိနှိုင်းဆွေးနွေးပေးခြင်း

( ဂ ) ဈေးကွက်ဝင်ရောက်မှုပိုင်း(Market entry)ဆိုင်ရာ အတားအဆီးများကို ချိတ်ဆက်ဖြေရှင်းပေးခြင်း

(ဃ) ဈေးကွက်သတင်းအချက်အလက်များနှင့်ဝန်ဆောင်မှုများပံ့ပိုးပေးခြင်း

( င ) Ready to Export ထုတ်ကုန်များကို www.myantrade.org ဝက်ဆိုဒ်သို့တင်ပေးပြီး Online platformမှ တဆင့် ဈေးကွက်ရှာဖွေပေးခြင်း

**ရရှိလာမည့် အကျိုးကျေးဇူးများ**

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားများတိုးတက်လာကာ အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းမျှော်မှန်းသည် –

(က) တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းအချိတ်အဆက်မိကာ ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်လာစေပြီး ကုန်သွယ်မှုကွန်ရက်များ ကျယ်ပြန့်စွာဖြန့်ကျက်လာနိုင်ခြင်း၊

(ခ) ပြည်တွင်းထုတ်ကုန်များအနေဖြင့် နိုင်ငံတကာစံနှုန်းမီအရည်အသွေးများ၊ ခေတ်မီထုတ်ပိုးမှုပုံစံများနှင့် အမှတ်တံဆိပ်များဖော်ဆောင်ကာ ပြည်ပဈေးကွက်များကို အချိန်တိုအတွင်းထိုးဖောက်၍ ဈေးကွက်ဝေစုများရရှိစေနိုင်ခြင်း၊

(ဂ) ကုန်ထုတ်စွမ်းအားများတိုးတက်လာကာ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများအတွက် လိုအပ်သောသွင်းအားစုကုန်ကြမ်းများကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်စေခြင်း၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Covid 19 ကာလအလွန် နည်းပညာခေတ်၏ စီးပွားရေးပုံစံသစ်တစ်ခုဖြစ်သည့် အွန်လိုင်းကူးသန်းရောင်းဝယ်မှုစနစ်အသုံးပြု၍ ဈေးကွက်ရှာဖွေနိုင်စေခြင်း၊

(င) နိုင်ငံတကာနှင့်ဒေသတွင်းအဖွဲ့အစည်းများ၏ ပံ့ပိုးမှုအစီအစဉ်များဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၏လိုအပ်ချက်ကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်စေခြင်း၊

**Source: Myantrade-NES**

## ချင်းပြည်နယ်အတွက် ပထမဆုံးစက်ရုံဖြစ်လာမည့် တန်တစ်သောင်းထုတ် ဘိလပ်မြေစက်ရုံကို ဘုံဖုံးဒေသတွင် တည်ဆောက်မည်

ချင်းပြည်နယ် ဘုံဖုံးဒေသတွင် တစ်နေ့လျှင် တန်တစ်သောင်းထုတ်လုပ်နိုင်သည့် ဘိလပ်မြေစက်ရုံကို အဆင့်နှစ်ဆင့်ဖြင့် တည်ဆောက်မည်ဟု ပြည်နယ်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောကပြောသည်။ ထိုစီမံကိန်းသည် ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် အနာဂတ်တွင်ရည်မှန်းထားသည့်စီမံကိန်းဖြစ်ပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများက သဘောတူထားပြီးဖြစ်သည်ဟု ဝန်ကြီးကပြောသည်။ "ဒီဒေသမှာ လူနေအိမ်ခြေလည်းမရှိပါဘူး။ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဖို့ စီစဉ်နေတာပါ"ဟု ဦးဝီကောကပြောသည်။

ချင်းပြည်နယ်အတွက် ပထမဦးဆုံး စက်ရုံတစ်ခုဖြစ်လာမည်ဖြစ်ပြီး Brick Mountain Industrial ကုမ္ပဏီက လုပ်ကိုင်ခွင့်ရခြင်းဖြစ်သည်။ ထိုစက်ရုံသည် ချင်းပြည်နယ်၊ မကွေးတိုင်းနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ ဆုံမှတ်တွင်တည်ရှိမည်ဖြစ်သည်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ချင်းပြည်နယ်ခရီးစဉ်အတွင်း စီမံကိန်းမြေနေရာကို သွားရောက်ခဲ့သည်။ ထိုစက်ရုံကို ပထမအဆင့်တွင် တန်ချိန် ၅,၀၀၀ နှင့် ဒုတိယအဆင့်တွင် တန်ချိန် ၅,၀၀၀ ထုတ်လုပ်ရန်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပတင်ပို့နိုင်ရန်အတွက်ပါဖြစ်သည်ဟု ဒုတိယသမ္မတကဆိုသည်။

ထိုစက်ရုံအတွက် ကုန်ကြမ်းကို အနီးအနားတစ်ဝိုက်တွင်ရရှိမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်များစွာ အကောင်အထည်ပြုမည်ဟု ဒုတိယသမ္မတကဆိုသည်။စက်ရုံအတွက် ကုန်ကြမ်းကိုဟားခါးမြို့နယ် ဘုံဖုံးဒေသ လုံရာန်တလန် ကျောက်ဖြူတောင် မှ ထုံးကျောက်တူး ဖော်ထုတ်လုပ်မည်ဖြစ်သည်။ ဘုံဖုံးရွာအနီးတွင် အဆိုပါဘိလပ်မြေစက်ရုံတည်ဆောက်ရန် တင်ဒါအောင်မြင်ခဲ့သည့်ကုမ္ပဏီမှာ နိုင်ငံတော်အခွန်များစွာ ပေးသွင်းရန်ကျန်ရှိနေသေးသဖြင့် တင်ဒါပျက်သွားခဲ့ဖူးသည်။ ယခုဒုတိယအကြိမ်တင်ဒါထပ်မံခေါ်ယူပြီး တည်ဆောက်ခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=196087

## COVID-19 ကာလ ပြည်တွင်းဝယ်အားများလာ၍ ဆန်ဈေးအနည်းငယ်တက်



ကိုဗစ်ကာလက စုဆောင်းထားသောဆန်များကုန်လာသဖြင့် ဆန်ဝယ်လိုအား ပြန်တက်လာခြင်းဖြစ်သည်။ COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း ပြည်တွင်းဆန်ဝယ်လိုအား ပြန်လည်မြင့်တက်လာသဖြင့် ဆန်တစ်အိတ်လျှင် ၅ ရာခိုင်နှုန်းဈေးပြန်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ကပြောသည်။

မြန်မာနိုင်ငံသို့ COVID-19 ကပ်ရောဂါ စတင်ရောက်ရှိစဉ် ငွေကြေးတတ်နိုင်သူများက စားနပ်ရိက္ခာအတွက် ဆန်ဝယ်ယူသို လှောင်ပြီးနောက် ပြည်တွင်း ဆန်ဈေးကွက်တွင် ဝယ်လိုအားလျော့နည်းသွားပြီး ဈေးနှုန်းလည်းအနည်းငယ်ကျဆင်းခဲ့သည်။ COVID-19 ကာလ လေးလကျော်ကြာလာချိန်တွင် ဝယ်ယူစုဆောင်းထားသည့် ဆန်များကုန်လာသဖြင့် ဈေးကွက်အတွင်း ဝယ်လိုအားပြန်တက်လာသည့် အခြေ

အနေမျိုးဖြစ်သည်ဟု ၎င်းကဆိုသည်။ “ဝယ်လိုအားကတော့ တက်လာတယ်။ ပုံမှန်ဝယ်တဲ့ ပုံစံမျိုးပါပဲ”ဟု ဦးအောင်မြင့်က ပြောသည်။ ပြည်တွင်းစားသုံးသော ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၂၆,၀၀၀ ဈေးဖွင့် ပြီး ဆန်ချောအမျိုးအစား ပေါ်ဆန်းများက တစ်အိတ်လျှင် ကျပ် ၄၂,၀၀၀ဝန်းကျင် ဈေးဖွင့်သည်။ ဆန်ကြမ်းဈေးသည် တစ်အိတ်လျှင် ကျပ်တစ်ထောင်ကျော်၊ ဆန်ချော တစ်အိတ်လျှင် ကျပ်နှစ်ထောင်ဝန်းကျင် ဈေးတက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်အဓိ ကစားသုံးသည့်နိုင်ငံဖြစ်ပြီး ပြည်တွင်းတစ်လဆန်စားသုံးမှုက အနည်းဆုံးတန်ချိန် ခုနစ်သိန်းရှိသည်။ တရုတ်နိုင်ငံအပါအဝင် နိုင်ငံခြားသို့ တစ်လလျှင် ဆန်တန်ချိန်နှစ်သိန်းနှင့်နှစ်သိန်းခွဲအကြား တင်ပို့ရောင်းချနေသည်။ လက်ရှိတွင် နိုင်ငံတကာဈေးကွက်မှ ဝယ်လိုအားကျဆင်းနေခြင်းကြောင့် ပြည်ပဆန်တင်ပို့နိုင်မှု အနည်းငယ်လျော့ကျ ပြီး တန်ချိန် တစ်သိန်းခွဲဝန်းကျင်သာရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးက ပြောသည်။

ပြည်ပသို့ဆန်ရောင်းချရာ တွင် အဓိကဈေးကွက်ကြီးတစ်ခုဖြစ်သော ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ နယ်မြို့များမှ ဆန်အဝင်လျော့နည်းကြောင်း ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ နယ်မှဆန်အဝင်နည်းခြင်းကြောင့် ပြည်ပတင်ပို့နေသည့် ဆန်ကြမ်းဈေးသည် လက်ကားဈေးကွက်တွင် တစ်အိတ်လျှင် ၅၀၀ ကျပ်မှ ၁,၀၀၀ ကျပ်အကြား ဈေးတက်သည်ဟု ၎င်းကပြောသည်။

ပြည်တွင်းဆန်ဈေးတက်လာချိန်တွင် အရန်ဆန်အဖြစ်ဝယ်ယူထားသည့် ဆန်တန်ချိန် ငါးသောင်းထုတ်ရောင်းပေးရန် စီစဉ်နေပြီး ဧည့်မထလုံးရှည် ၂၅ မှတ်ဆန်အမျိုးအစား ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၂,၂၈၀ ဖြင့် လက်လီအရောင်းဆိုင်များမှ တစ်ဆင့် စက်ရုံ၊ အလုပ်ရုံများ၊ အသင်းအဖွဲ့များသို့ ရောင်းချပေးမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာထားသည်။

**Source:** https://7day.news/detail?id=196086

## ပြည်ပတင်ပို့ခွင့်မပြုသည့် ကုန်ပစ္စည်းခြောက်မျိုးထုတ်ပြန်

ဆင်စွယ်နှင့်ရှေးဟောင်းပစ္စည်းများအပါအဝင် ကုန်ပစ္စည်းခြောက်မျိုးကို ပြည်ပတင်ပို့ခွင့်မပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၇ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ ကုန်ပစ္စည်းခြောက်မျိုးမှာ စိန်၊ ရေနံစိမ်း၊ ဆင်စွယ်၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များ၊ လက်နက်ခဲယမ်းမီးကျောက်နှင့် ရှေးဟောင်းပစ္စည်းတို့ဖြစ်ပြီး ပင်လယ်ရေကြောင်း၊ နယ်စပ်နှင့် လေကြောင်းမှ တင်ပို့ခွင့်ပြုမည်မဟုတ်ပေ။ “ပြည်ပပို့တာတွေကိုဖြေလျှော့ပြီး နောက်ဆုံးတော့ မဖြစ်မနေတားရမယ့် ကုန်ပစ္စည်းတွေပဲကျန်တော့တာပါ”ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးစိုင်းဝင်းကပြောသည်။ ထိုပစ္စည်းများအပြင် တည်ဆဲဥပဒေများအရ ပြည်ပတင်ပို့ခွင့်မပြုသည့် ပစ္စည်းများကိုလည်း ဆက်လက်ကန့်သတ်ထားမည်ဟု ဆိုသည်။

ဝန်ကြီးဌာနက ၁၉၉၉ တွင် ပင်လယ်ရေကြောင်းမှ တင်ပို့ခွင့် မပြုသည့်ကုန်ပစ္စည်း ၃၁ မျိုးနှင့် နယ်စပ်မှတင်ပို့ခွင့်မပြုသည့် ပစ္စည်းများ ၃၂ မျိုးကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၈ တွင် ကုန်ပစ္စည်း ၃၂ မျိုးအစား ၁၅ မျိုးအထိ လျှော့ချပြီး ကန့်သတ်ခဲ့သည်။ ၁၉၉၉ တွင် သတ်မှတ်ခဲ့သော ပြည်ပတင်ပို့ခွင့်မပြုသည့် ကုန်ပစ္စည်းများတွင် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ သကြား၊ မြေနှင့်မြေပဲဆီ၊ နှမ်းနှင့်နှမ်းဆီ၊ ပန်းနှမ်း ၊ မုန့်ညှင်းဆီ၊ နေကြာဆီ၊ ဆီကြိတ်ဖက်၊ ဝါဂွမ်းနှင့်ဆက်စပ်ပစ္စည်း ပါဝင်သည်။

တွင်းထွက်ပစ္စည်းနှင့် ဓာတ်သတ္တုပစ္စည်းများမှာ ရေနံ၊ ကျောက်မျက်ရတနာ၊ ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခဲမဖြူအရော၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားသတ္တုများပါဝင်သည်။ တင်ပို့ခွင့်မရခဲ့သည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ဆင်စွယ်၊ဆင်၊ ကျွဲ၊ နွား၊ မြင်းနှင့်ရှားပါးတိရစ္ဆာန်များနှင့် သားရေတို့ဖြစ်သည်။ အခြားတင်ပို့ခွင့်မရခဲ့ သည့် ပစ္စည်းများမှာ ရေထွက်ပစ္စည်းများမှာ ပုစွန်ဖွဲ့၊ အထွေထွေပစ္စည်းများမှာ ရှေးဟောင်းပစ္စည်းနှင့် လက်နက်ခဲယမ်းမီးကျောက်နှင့် သစ်တောထွက်ပစ္စည်းများမှာ ရော်ဘာနှင့်ကျွန်းသစ်တို့ဖြစ်သည်။ ယခုကြေညာချက်သည် ၁၉၉၉ တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနကထုတ်ပြန်သည်။

**Source:** https://7day.news/detail?id=196085

## မကွေးတိုင်းဒေသကြီးရှိ မြို့နယ်အစုံမှ နှမ်းသစ် ထွက်ပေါ်ချိန်ဖြစ်သောကြောင့် ဈေးကွက်အေးပြီး ဈေးငြိမ်နေ



မကွေးတိုင်းဒေသကြီးရှိမြို့နယ်အစုံမှ နှမ်းသစ်ထွက်ပေါ်ချိန်ဖြစ်သောကြောင့် ဈေးကွက်အေးပြီး ဈေးငြိမ်နေကြောင်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေ၏ ပြောကြားချက်အရသိရသည်။ လတ်တလောတွင် မကွေးတိုင်း ဒေသကြီးရှိ မကွေး၊ စနေကျွန်း၊ စလင်းစသည့် မြို့နယ်များအပါအဝင် မြို့နယ်အများစု၌ နှမ်းသစ်များ ထွက်ပေါ်နေပြီဖြစ်သည်။ ''ဈေးကွက်အနေအထားကအေးတယ်။ တရုတ်နိုင်ငံဘက်က ဝယ်လိုအားလျော့တာထက် မကွေးတိုင်းဒေသကြီး နယ်စုံကနှမ်းသစ်တွေထွက်လာတော့ အဲဒီဝယ်လိုအားပေါ်မှာ နည်းနည်းချိန်ဆနေတဲ့သဘောရှိပါတယ်။ ဒီနှစ် ရာသီဥတုအခြေအနေကြောင့် နှမ်းအထွက်နည်းတာ ပါ။ နှမ်းအများကြီး မထွက်နိုင်ဘူးဆိုတော့ ဈေးမကျလောက်ဘူး'' ဟု ဦးမျိုးဆွေကပြောသည်။

ထိုသို့ နှမ်းဝယ်လိုအားနည်းကာ ဈေးကွက်အေးနေသော်လည်း ဈေးနှုန်းကျဆင်းမှု သိသိသာသာမရှိဘဲ ဈေးငြိမ်နေကြောင်းနှင့် နှမ်းထွက်ရှိချိန်မှာ တစ်လခန့်ကြာမြင့်မည်ဖြစ်ရာ လတ်တလောတွင် ဈေးကွက်အေးနေပြီး ဈေးနှုန်းအမြင့်ပိုင်းသို့ ရောက်ရှိရန် မလွယ်ကူကြောင်းသိရသည်။ ဩဂုတ် ၁၈ ရက်တွင် နှမ်းနက် (စမုန်) ထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀၊ ဂျပန်နှမ်းဖြူထိပ်စ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ နှမ်းဖြူ ရိုးရိုး ထိပ်စသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ နှင့် နှမ်းညိုထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ စသည်ဖြင့် ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/784

## ကြက်သွန်နီဈေး ကျဆင်းပြီး ခရမ်းချဉ်သီးဈေးနှုန်းမြင့်တက်



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိဈေးအသီးသီးတွင် ယခုရက်ပိုင်းအတွင်း အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်သွန်နီ ဈေးနှုန်းကျဆင်းလာပြီး ခရမ်းချဉ်သီးဈေးနှုန်းမှာ မြင့်တက်လာကြောင်းသိရသည်။ ''အခုရက်ပိုင်းမှာ ကြက်သွန်နီ ဈေးနှုန်းတွေကျဆင်းလာတယ်။ ပြီးခဲ့တဲ့လက ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၁၅၀၀ ထိရှိတယ်။ အခုတော့ တစ်ပိဿာကို ငွေကျပ် ၇၀၀-၈၀၀ လောက်ပဲရှိတော့တယ်။ ကြက်သွန်နီက ပြည်ပက အဝယ်နည်းသွားတယ်။ ပြီးတော့ တရုတ်နိုင်ငံဘက်ကလည်းဝင်လာတယ်။ အဲဒီအတွက် ဈေးကျလာတယ်။ ခရမ်းချဉ်သီးကတော့ ဒီအချိန်အထွက်နည်းပြီး စားသုံးသူများတဲ့အတွက် ဈေးမြင့်တက်လာတယ်။ ပြီးခဲ့တဲ့လတွေက ခရမ်းချဉ်တစ်ပိဿာကို ငွေကျပ် ၅၀၀ ထိပဲရှိတယ်။

ခုတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ အထိ ဈေးနှုန်းမြင့်တက်လာတယ်။ အသီးတွေကတော့ မုံရွာဒေသနဲ့အင်းလေးဒေသထွက် ခရမ်းချဉ်တွေဖြစ်ပါတယ်''ဟု စားသောက်ကုန်မျိုးစုံရောင်းချသူ မခင်သိန်းကပြောသည်။ လက်ရှိအချိန် လားရှိုးဈေးကွက်၌ ခရမ်းချဉ်သီးများမှာ ဈေးကောင်းပြီး ရောင်းအားကောင်းနေသော်လည်း ကြက်သွန်နီမှာ ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်အေးနေကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/787

## ပွင့်ဖြူမြို့နယ်တွင် နွေစပါးအထွက်နှုန်းကောင်းပြီး ဈေးကောင်းရ




ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများတွင် နွေစပါးအထွက်နှုန်းကောင်းသည့်အပြင် ဈေးကောင်းလည်းရ၍ အဆင်ပြေနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ အဆိုပါမြို့နယ်ရှိ ကျောင်းတော်ရာ၊ ဝဲဒေါင့်၊ ဇောင်းချမ်းကုန်း၊ ကျောက်ပန်းတောင်း၊ ရွာသာကြီး၊ဖလံတောကျေးရွာများနှင့် ဘိုကုန်းကျေးရွာတို့ရှိ တောင်သူများမှာ ယခုနှစ်တွင် နွေစပါးတစ်ဧကလျှင် တင်း ၉၀မှ ၁၃၀ အထိ ထွက်ရှိကြပြီး ဆင်းသုခ၊ မနောသုခ စပါးတစ်တင်းကို ကျပ် ၆၀၀၀ အထိနှင့် ရောပဒေသာစပါး တစ်တင်းလျှင် ကျပ် ၁၃၀၀၀ အထိရောင်းချကြ၍ အဆင်ပြေကြကြောင်း သိရသည်။

နွေစပါးမှာ ဩဂုတ်လဆန်းပိုင်းက စတင်ရိတ်သိမ်းရပြီး လက်ရှိအချိန်အထိ ရိတ်သိမ်း၊ ခြွေလှေ့နေဆဲဖြစ်ကြောင်းသိရသည်။ ကျောင်းတော်ရာအုပ်စုမှ တောင်သူကြီး ဦးအောင်ဇော်က “ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာတော်တော်များများက ဒီနှစ်မှာ နွှေနှမ်း စိုက်တာများကြတယ်။ စပါးစိုက်တာက နည်းတယ်ပေမယ့် အထွက်နှုန်းကောင်းဈေးကောင်းရလို့ နွေစပါးစိုက်တဲ့ တောင်သူတွေ အဆင်ပြေတယ်”ဟုပြောသည်။ စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချ စနစ်ဖြင့်စိုက်ပျိုးကြသဖြင့် ပျိုးထောင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်းစသည့် ကုန်ကျစရိတ်များသက်သာကြကြောင်းသိရသည်။ထွန်စက်ငှားရမ်းခမှာ တစ်ဧကလျှင် ကျပ်နှစ်သောင်း၊ ရိတ်သိမ်းခမှာ တစ်ဧကလျှင် ကျပ်လေးသောင်းမှ လေးသောင်းခွဲပေးရပြီးတစ်ဧက ကုန်ကျစရိတ်မှာ ကျပ်တစ်သိန်းခွဲခန့် ရှိကြောင်း တောင်သူများထံမှသိရသည်။

မိုးစပါးစိုက်ပျိုးချိန်ရောက်မှသာ ပျိုးထောင်၊ ပျိုးနုတ်၍ ကောက်စိုက်ကြကြောင်းသိရသည်။ပွင့်ဖြူမြို့နယ်၊ ဘိုကုန်းကျေးရွာမှ ဦးစိုးလင်းဦးက “နွေစပါးက တော်တော်ကောင်းတယ်။ အထွက်နှုန်းကလည်း တစ်ဧကတင်းတစ်ရာအောက်မလျော့ဘူး။ ဒီနှစ် နှမ်းစိုက်တာထက် စပါးစိုက်တာက ပိုတွက်ခြေကိုက်ပြီး အဆင်ပြေတယ်”ဟုပြောသည်။ ဆည်ရေသောက်စနစ်ဖြင့် ရေရရှိမှုနည်းသဖြင့် တောင်သူများက နွေစိုက်ပျိုးရာသီ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လတို့တွင် စပါးထက်နှမ်းကိုသာ ပိုမိုစိုက်ပျိုးခဲ့ရကြောင်းသိရသည်။ နှမ်းမှာ စပါးထက်ဈေးနှုန်းပိုရသော်လည်း ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း ဒေသအများအပြား၌ မိုးရွာသွန်းမှုနည်းသဖြင့် နှမ်းများပျက်စီးခြင်း၊ အထွက်နှုန်းလျော့ကျခြင်း၊ ကိုဗစ်-၁၉ ဂယက်ကြောင့် နှမ်းဈေးကျခြင်းတို့ ကြုံရသဖြင့် နှမ်းစိုက်ပျိုးသူများ အခက်အခဲကြုံရကြောင်းသိရသည်။ “မနှစ်ကထက်စာရင် အထွက်နှုန်းလျော့တယ်။ နောက်မိုးက မလိုက်ဘူးလေ။ မြေအောက်ရေများများဖျန်းနိုင်မှ များများရတယ်။ ရေများများဖျန်းတော့လည်း ကုန်ကျစရိတ်ကများတယ်။ အဲတာက နွှေနှမ်းအခြေအနေပါ”ဟု ဦးစိုးလင်းဦးကပြောသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/9885723

## ကမ္ဘာ့ရွှေဈေး ဒေါ်လာ ၂၀၀၀ ဝန်းကျင်ရှိပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၃၂၇၀၀၀ ဝန်းကျင်အထိ ပြန်တက်ခဲ့ပြီး လေးရက်ဆက်တိုက် ကျပ် ၁၃ သိန်းအထက်ရှိနေ



၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၈ ရက်တွင် ကမ္ဘာ့ရွှေဈေး ၂၀၀၀ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၃၂၇၀၀၀ ဝန်းကျင်အထိ ပြန်လည် မြင့်တက်ခဲ့ကာ လေးရက်ဆက်တိုက် ကျပ် ၁၃ သိန်းအထက်ရှိနေကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ်

၁၀၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၁ လအကြာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ ရက်တွင် ကျပ် ၁၃၁၈၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြင့် ယခင်စံချိန်များကိုကျော်လွန်၍ စံချိန်သစ်ထပ်မံမြင့်တက်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်တွင် ကျပ် ၁၃၃၄၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ကျပ် ၁၂၁၄၀၀၀ – ၁၂၆၂၂၀၀၊ မတ်တွင် ကျပ် ၁၁၃၆၀၀၀ – ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀ – ၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀ – ၁၂၃၆၀၀၀၊ ဇွန်တွင် ကျပ် ၁၂၀၇၅၀၀ – ၁၂၂၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၂၁၆၀၀၀ – ၁၃၀၂၀၀၀ ဖြစ်သည်။

**Source:** https://news-eleven.com/article/187868

## ကိုဗစ်ကာလ ပြည်သူများအား သက်သာသောနှုန်းဖြင့် ဆန်ရောင်းချပေးမည်



ကိုဗစ်–၁၉ ကာလ ပြည်သူများစားသုံးမှုအဆင်ပြေစေရန် ဆန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ယနေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။ “ဧည့်မထ/လုံးရှည် ၂၅ မှတ်ဆန်တစ်အိတ်ကို ငွေကျပ် ၂၂၈၀၀ နဲ့ ရောင်းချပေးမှာဖြစ်ပါတယ်။ အဖွဲ့အစည်းအလိုက်၊ ကုမ္ပဏီအလိုက် ရောင်းပေးမှာဖြစ်ပါတယ်။ တစ်ဦးချင်းတော့ရောင်းမှာမဟုတ်ပါဘူး။ ရန်ကုန်မှာဆိုရင်တော့ ဝါးတန်းဆိပ်ကမ်းမှာ မနက် ၈ နာရီကနေ ၁၁ နာရီကြား လာရောက်ဝယ်ယူလို့ရပါတယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ Senior Acountant ဒေါ်စပယ်ကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ကိုဗစ်ကာလ စားသုံးသူပြည်သူများ စားသောက်မှုအဆင်ပြေစေရန် လက်လီအရောင်းဆိုင်များမှဖြစ်စေ၊ ကုမ္ပဏီအဖွဲ့အစည်းအလိုက်ဖြစ်စေ လာရောက်ဝယ်ယူနိုင်ကြောင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ ပစ္စည်းထုတ်ယူရေးအဆင်ပြေသောနေရာများတွင် ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ ဒေသအလိုက် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀၊ ၁၀၅၀၊ ၁၁၀၀ ထက်မပိုကြောင်း၊ အပြင်လက်လီဈေး တစ်ပြည်လျှင် ငွေကျပ် ၁၃၀၀၊ ၁၄၀၀ ဈေးရှိကြောင်း၊ ထို့အတွက် ဈေးသက်သာစွာ ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ဝယ်ယူလိုသူအဖွဲ့အစည်းများအနေဖြင့် ဖုန်း ၀၉–၆၉၄၃၈၆၉၉၄၊ ၀၉–၆၉၄၃၈၆၉၉၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## သံပုရာသီး အရောင်းအဝယ်ဈေးကွက်အေးနေသဖြင့် ခြံရှင်များငွေထိခိုက်

မွန်ပြည်နယ်၊ ရေးမြို့နယ်မှာ သံပုရာသီးတင်ပို့ရောင်းချမှုဟာ ခုရက်ပိုင်းဈေးကွက်မှာ အရောင်းအဝယ်အေးနေတာကြောင့် ဝင်ငွေထိခိုက်နစ်နာမှုတွေနဲ့ ကြုံတွေ့နေရတယ်လို့ သံပုရာသီးခြံရှင်တွေကပြောပါတယ်။ သံပုရာသီးတွေ နွေဘက်က အသီးဈေးတစ်လုံးကို ကျပ် ၁၃၀ အထိရကြပေမယ့် အခုမိုးတွင်းမှာတော့ အသီးပေါက်ဈေးတစ်လုံးကို ၂၂ ကျပ်အထိပဲ ရရှိကာ အဝယ်ဒိုင်တွေက သံပုရာသီးရဲ့ အရည်မရှိရင်မဝယ်ဘူးလို့ ရေးကုန်စည်အဝယ်ဒိုင် ဦးသန်းဝင်းကပြောပါတယ်။ ရန်ကုန်ပွဲရုံဈေးကွက် အဓိကတင်ပို့မှု အရောင်းအဝယ်ကအေးနေပြီး ဝယ်လက်ကသိပ်မဆွဲတာကြောင့် ခြံသမားတွေ သံပုရာသီးဈေးကွက်မရှိတဲ့အပြင် မိုးတွင်းဘက်အသီးတွေ ဆုံးရှုံးပျက်စီးမှုနဲ့ကြုံရတယ်လို့ ရေးမြို့ကုန်စည်အဝယ်ဒိုင်တွေက ဆိုပါတယ်။

ရေးမြို့နယ်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေထဲမှာ သံပုရာသီးစိုက်ပျိုးရေးလုပ်ငန်းလည်း အဓိကဝင်ငွေလမ်းလည်းဖြစ်သလို ပြီးခဲ့တဲ့ မိုးရာသီက သံပုရာပင်တွေ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုဒဏ်ကို ခံစားခဲ့ရတာပါ။ အခုနှစ်မှာ ရာသီဥတုဒဏ်ကြောင့် အသီးထွက်နှုန်းလည်း ထပ်မံကျဆင်းနေပြီး အခုမိုးတွင်းဘက်မှာ အသီးဈေးတွေမရကြတဲ့အပြင် ဈေးကွက်ပါ ထိခိုက်နေကြတယ်လို့ သံပရာခြံစိုက်သူတွေကပြောပါတယ်။

**Source : DVB**

https://news.ydnp.net/368194/

## မက္ကဒေးမီးယားကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရန် ခိုင်မာသည့်ဈေးကွက်ကောင်းများလိုအပ်နေ

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် မက္ကဒေးမီးယားကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ခိုင်မာသည့်ဈေးကွက်ကောင်းများ လိုအပ်နေကြောင်း ကိုယ်တိုင်စိုက်ပျိုးနေသည့် တောင်သူများကဆိုသည်။ မက္ကဒေးမီးယားပင်ကရတဲ့ အစေ့အဆံကို ချောကလက်၊ ရေခဲမုန့်၊ သကြားလုံးတို့မှာ ထည့်သွင်းစားသုံးကြပါတယ်။ ဒီသီးနှံက နှစ်ရှည်သီးနှံ အမျိုးအစားတစ်ခုဖြစ်တယ်။ ဈေးကွက်ခိုင်မာတယ်၊ လုပ်သားလိုအပ်ချက် နည်းတယ်၊ တန်ဖိုးမြှင့်ကွင်းဆက် ထုတ်လုပ်လို့ရတဲ့ စက်မှုကုန်ကြမ်းသီးနှံလည်း ဖြစ်တာကြောင့် စိုက်ပျိုးရခြင်းဖြစ်ပါတယ်။ အခုက မိုးတွင်းကာလဖြစ်တာကြောင့် လုပ်အားလုပ်နိုင်ချိန် နည်းပါးခြင်းနဲ့ အခြေခံခံစနစ်တွေ လိုအပ်ပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်နဲ့ ခိုင်မာတဲ့ဈေးကွက်ရှိတဲ့ ပြည်ပနိုင်ငံတွေဆီကို တင်ပို့ရောင်းချနိုင်ဖို့အတွက်တော့ ခက်ခဲနေပါသေးတယ်ဟု မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်၊ မြေပုံကျေးရွာမှ မက်ကာဒေးမီးယားပင် စိုက်ပျိုးသူ ဦးဇော်ဝင်းနိုင်ကပြောသည်။

မြန်မာနိုင်ငံတွင် မက်ကာဒေးမီးယားပင်ကို တနင်္သာရီတိုင်း၊ ပဲခူးတိုင်းအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းအစရှိသည့်ဒေသများ၌ တွေ့ရှိရသည်။ မက္ကဒေးမီးယားက ပြည်တွင်း ပြည်ပ (တရုတ်နိုင်ငံ) ဈေးကွက်ရှိပါတယ်။ လက်ရှိမှာ အခွံစိမ်းကို ချွတ်ပြီးရောင်းချရင် တစ်ကီလိုကို အနည်းဆုံး (၅,၀၀၀) ကျပ်ရရှိပါတယ်။ ကုန်ချောထုတ်ကုန် အနေနဲ့ရောင်းမယ်ဆိုရင်တော့ (၁၀၀) ဂရမ်ကို (၆,၀၀၀) ကျပ် ဝန်းကျင်ရပါတယ်။ ပျိုးပင်က အစေ့စိုက်ဆိုရင် (၁,၀၀၀) ကျပ် လောက်ပေးရပြီး ကိုင်းကူးပင် ဆိုရင်တော့ (၅,၀၀၀) ကျပ် အထက်ပေးရပါတယ်။ စိုက်စရိတ်က တစ်ဧကကို ကျပ် (၃) သိန်းကနေ ကျပ် (၅) သိန်း အတွင်း ကုန်ကျနိုင်ပါတယ်ဟု ၎င်းကဆက်လက်ပြောသည်။ မက္ကဒေးမီးယားပင် စိုက်ပျိုးရန်အတွက် ဧပြီလ ဝန်းကျင်တွင် စနစ်တကျမြေပြင် မြေဩဇာကျွေးမွေးကြပြီး၊ မေလအကုန်၊ ဇွန်လဆန်းကာလများတွင် စတင်စိုက်ပျိုးလေ့ ရှိကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/Strong_markets_are_needed_to_export_macadamia_ internationally

## COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ရိုက်ခတ်မှုဂယက်ကြောင့် ၂၀၂၀ ပြည့်နှစ် ဒုတိယ သုံးလပတ် ကာလအတွင်းတွင် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးသည် ဆိုးရွားစွာကျဆင်းခဲ့သည့်အခြေအနေ

COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုဂယက်ကြောင့် ကုန်သွယ်ရေးကဏ္ဍ အထူးသဖြင့် ပို့ကုန်တင်ပို့နိုင်မှုကို ထိခိုက် သည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်းတွင် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးသည် (- ၃.၃)

ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ယင်းသည် ၁၉၉၈ ခုနှစ်၊ စီးပွားရေးအကျပ်အတည်းဖြစ်ပွားခဲ့ပြီးသည့် ကာလနောက်ပိုင်းတွင် အဆိုးရွားဆုံးသော ကျဆင်းမှုတစ်ရပ်ဖြစ်ကြောင်း (၂၃-၇-၂၀၂၀) ရက်နေ့တွင် ဗဟိုဘဏ် The Bank of Korea (BOK) ၏ ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ပို့ကုန်ကိုအဓိကအားပြုလျက်ရှိပြီး၊ COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုဂယက်ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှဇွန်လအတွင်းတွင် ပြည်တွင်း စားသုံးမှုတန်ဖိုးအနည်းငယ်ပြန်တက်ခဲ့သော်လည်း ယင်းက ကျဆင်းနေသည့် ပို့ကုန်တန်ဖိုးကို မကာမိခဲ့ကြောင်း၊ အကြမ်းဖျင်းအားဖြင့် နိုင်ငံ GDP ၏တစ်ဝက်ခန့်သည် ပို့ကုန်ပေါ်တွင် မူတည်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်းတွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်သည် (၁၆.၆)ရာခိုင်နှုန်း ကျဆင်းခဲ့ရာ၊ ယင်းသည် ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် အများဆုံးကျဆင်းခဲ့မှု ကိန်းဂဏန်းတစ်ရပ်ဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့နိုင်မှုအနေဖြင့် မော်တော်ယာဉ်နှင့်လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှုကဏ္ဍ လျော့ကျခဲ့ပြီး ရောင်းအားလည်းကျဆင်းခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံမှ အဓိကတင်ပို့နေသော ကုန်သွယ်ဖက်နိုင်ငံများ၏ COVID-19 ဆိုင်ရာ ပြည်ဝင်ခွင့်ကန့်သတ်မှု အခြေအနေများက ကုန်သွယ်မှုနှင့်ထောက်ပံ့ပို့ဆောင်ရေးပိုင်းကိုအခက်အခဲဖြစ်စေပြီး၊ မော်တော်ယာဉ်နှင့် Smart Phones တို့၏ ပြည်ပဝယ်လိုအားကို သိသာစွာ လျော့ကျစေကြောင်း၊ သို့ဖြစ်၍ ယင်းသည် တောင်ကိုရီးယား၏ ပို့ကုန်ကဏ္ဍကို ထိခိုက်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ဗဟိုဘဏ် (BOK) မှ စီးပွားရေးစာရင်းအင်းဗျူရို၏အကြီးအကဲ Mr. Park Yang-soo က ပြောကြားခဲ့ပါသည်။

စီးပွားရေးသီအိုရီအရ သုံးလပတ်ကာလ(၂)ခုဆက်တိုက် GDPတိုးတက်မှုနှုန်းကျဆင်းခဲ့လျှင် နိုင်ငံ၏စီးပွားရေးသည် ယခုနှစ်အတွက် အကျဘက်သို့သာ ဆက်လက်ဦးတည်နေမည် ဖြစ်သည့် အတွက် စိုးရိမ်မှုများရှိနေကြောင်း၊ သို့ရာတွင် ဗဟိုဘဏ်နှင့် စီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန အနေဖြင့် ၂၀၂၀ ပြည့်နှစ် ကျန်ရှိနှစ်ဝက်ကာလအတွင်းတွင် နိုင်ငံ၏စီးပွားရေးပြန်လည်နာလန်ထူလာနိုင်ရန် မျှော်လင့်ထားပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဗိုင်းရပ်စ်ပျံ့နှံ့မှုအား ထိန်းချုပ်နိုင်ခဲ့ပြီး သည့်နောက်တွင် စီးပွားရေးလျှင်မြန်စွာနာလန်ထူတိုးတက်လာခဲ့ကြောင်း၊ တောင်ကိုရီးယားအနေဖြင့်လည်း အလားတူတိုးတက်လာနိုင်ရန် မျှော်လင့်ကြောင်းသိရှိရပါသည်။

ဘဏ္ဍာရေးဝန်ကြီး Mr. Hong Nam-ki အနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ဇွန်လအတွင်း စီးပွားရေးကျဆင်းခဲ့ပြီးသည့်နောက် တတိယသုံးလပတ်တွင် ပြန်လည်တိုးတက်ရန်မျှော်လင့်ထားပြီး၊ လက်ရှိ COVID-19 ကူးစက်ပျံ့နှံ့မှုအခြေအနေသည် ပိုမို လျော့နည်း လာပါက ၂၀၂၀ ပြည့်နှစ်၊ နှစ်ကုန်ပိုင်းတွင် တောင်ကိုရီးယား၏ စီးပွားရေးအခြေအနေ ပြန်လည်ကောင်းမွန်လာနိုင်မည်ဟုသုံးသပ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် ပြည်တွင်းစီးပွားရေးပညာရှင်များကမူ COVID-19 ကြောင့်သာမက အခြားသော မရေရာမသေချာသည့် External Factors များလည်းရှိနေသေးကြောင်း၊ စာရင်းအင်း အချက်အလက်များပေါ်တွင် သုံးသပ်၍သာ နှစ်ကုန်ပိုင်းတွင် စီးပွားရေးပြန်လည်တိုးတက်ရန်မျှော်လင့်သော်လည်း အမှန်တကယ်တိုးတက်လာနိုင်ခြင်း ရှိ/ မရှိ ကိုမူ စောင့်ကြည့်မည်ဖြစ်ကြောင်း Yonsei University ၏ စီးပွားရေးပညာရှင် Mr. Sung Tae-yoon က သုံးသပ်ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းစားသုံးမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ တတိယသုံးလပတ် ကာလအတွင်း တည်ငြိမ်သည့် အနေအထားသို့ ပြန်လည်ရောက်ရှိလာနိုင်ရန် မျှော်လင့်ထားသော်လည်း မမျှော်မှန်းနိုင်သည့်ပြင်ပအကြောင်းအရာများနှင့် မသေချာမရေရာသည့် အခြေအနေများက ချက်ချင်းပြန်လည်တိုးတက်ကောင်းမွန်လာရန်မှုမဖြစ်နိုင်သေးကြောင်း ပြည်တွင်းစီးပွားရေးပညာရှင်များက သုံးသပ်လျက်ရှိကြပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## စင်ကာပူနှင့်ဂျပန်နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာခရီးသွားလာမှုကို စက်တင်ဘာလတွင် ပြန်လည်စတင်နိုင်ရန်သဘောတူ


၂၀၂၀ ခုနှစ်၊ စက်တင်ဘာလမှစ၍ Work Pass ကိုင်ဆောင်ထားသော စီးပွားရေးလုပ်ငန်းများ၏ အမှုဆောင်များနှင့် ကျွမ်းကျင်ပညာရှင်များကို အရေးအတွက်ကန့်သတ်ချက်ဖြင့် သက်ဆိုင်ရာနိုင်ငံသို့ရောက်ရှိချိန်တွင် ၁၄ ရက် အိမ်၌ သီးခြား

နေထိုင်ရန်သတိပေးခြင်း (Stay Home Notice) အပါအဝင် အများပြည်သူ၏ ကျန်းမာရေးလုံခြုံစိတ်ချမှုရှိရေးအစီအမံများနှင့်အတူ စင်ကာပူနှင့်ဂျပန် နှစ်နိုင်ငံအကြား ခရီးသွားလာနိုင်သော “Residence Track” အစီအစဉ်နှင့်စပ်လျဉ်း၍ လက်ရှိညှိနှိုင်းဆွေးနွေးဆဲအခြေအနေများကို ကြိုဆိုပါကြောင်း၊ ကာလတိုလုပ်ငန်းပိုင်းဆိုင်ရာခရီးသွားလာသူများသည် ပထမ ၁၄ ရက်အတွင်း ခရီးစဉ်ကန့်သတ်မှုများဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးသွားလာနိုင်မည့် "Reciprocal Green Lane" အစီအစဉ်ကို သဘောတူခဲ့ကြကြောင်း၊ စက်တင်ဘာလအစောပိုင်းတွင် အဆိုပါသဘောတူညီချက်အား အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး၊ လုပ်ငန်းပိုင်းဆိုင်ရာ အပြန်အလှန်ခရီးသွားလာမှု ခွင့်ပြုခြင်းအစီအစဉ်အတွက် စင်ကာပူသည် ဂျပန်၏ပထမဆုံး ညှိနှိုင်းဆောင်ရွက်ခဲ့သော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ၁၃ – ၈ – ၂၀၂၀ ရက်နေ့တွင် ပူးတွဲသတင်းထုတ်ပြန်ခဲ့ပါသည်။

**Source:** Ministry of Foreign Affairs / Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ကိုရီးယားသမ္မတနိုင်ငံ၊ Global Business Alliance (GBA) ၏ ဥက္ကဋ္ဌဖြစ်သူ Mr. OH Sinan Ö ZT ÜRK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာသံအမတ်ကြီးမှ လက်ခံတွေ့ဆုံခဲ့ခြင်း





၁၆-၇-၂၀၂၀ ရက်နေ့၊ နံနက် (၁၁:၀၀)နာရီအချိန်တွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးသန့်စင်သ ကိုရီးယားသမ္မတနိုင်ငံ၊ Global Business Alliance (GBA) ၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. OH Sinan ÖZTÜR ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မြန်မာသံရုံး (ဆိုးလ်မြို့) ၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် Mr. O Sinan ÖZTÜRK မှ သံအမတ်ကြီးအား Global Business Alliance (GBA) ကို စတင်တည်ထောင်ခဲ့သည့် ရည်ရွယ်ချက်န အနာဂတ်စီးပွားရေးရာ ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး၊ သံအမတ်ကြီးမှ မြန်မ နိုင်ငံ၏ကုန်သွယ်မှုရေးရာနှင့် ပိုမိုတိုးမြှင့် တင်ပို့လိုသည့် ကုန်စည်များ၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများကို ဆွေးနွေးခဲ့ပါသည ထို့နောက် မြန်မာနိုင်ငံမှ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများအပါအဝင်၊ အနာဂတ်တွင်စီးပွားရေး ဆောင်ရွက်ရ ခိုင်မာသည့်ရည်မှန်းချက် နှင့် Business Plan ရှိသော မြန်မာစွန့်ဦးတီထွင် ကျောင်းသား/ ကျောင်းသူ များနှင့်ပါ ချိတ်ဆက်၍ ပူးပေါ ဆောင်ရွက် ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပို့ကုန်တိုးတက်ရေး၊ အထူးသဖြင့် လယ်ယာ ထွက်ကုန်ပစ္စည်း၊ ရေထွက် ကုန်ပစ္စည်းများန သဘာဝကုန်ကြမ်း ပစ္စည်းများကို ကိုရီးယားသမ္မတနိုင်ငံတွင် ဈေးကွက်ဝေစု ပိုမို ရရှိရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေး၊ ကုန်သွယ် တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက် ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အနာဂတ်တွင် နီးကပ်စွာပူးပေါ ဆောင်ရွက်သွားကြရန် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

Global Business Alliance (GBA)သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၌ စတင်တည်ထောင်ခဲ့သော ကိုရီးယားသမ္မတနိုင်ငံ Ministry of Trade, Industry and Energy (MOTIE) ၏ ခွင့်ပြုချက် ရရှိထားပြီးဖြစ်သည့် Non-Profit Organization (NGO) အဖွဲ့အစည်း တစ်ခု ဖြစ်ကြောင်း၊ ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာ စွန့်ဦး တီထွင် လုပ်ငန်းရှင်များ၊ သံအမတ်ကြီး၊

စီးပွားရေးသံမှူး/ သံတမန်များနှင့် တက်သစ်စ စီးပွားရေး လုပ်ငန်းရှင်/ ကျောင်းသား၊ ကျောင်းသူများအကြား ပေါင်းကူး ချိတ်ဆက်ပေးသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အဖွဲ့အစည်း တစ်ခု ဖြစ်ပြီး၊ လက်ရှိ (၇)လတာ သက်တမ်း အတွင်းတွင်ပင် ကမ္ဘာ့နိုင်ငံပေါင်း (၆၀)ကျော်၏ အဖွဲ့ဝင် (၅၀၀)ကျော် တို့မှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရ သည့်အတွက် အလားအလာရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု NGO အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## STOCK EXCHANGE (19.8.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 1,357 | 13,570,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 1,978 | 7,464,900 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 11 | 241,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 53 | 148,400 | 12,823,224 | 35,905 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,050 | 213 | 652,750 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.86 | +2.42 | +0.55% | 438.55 | 439.86 | 437.04 | 3,612 | 22,077,550 | 6 | 654,485 |

**Index chart**



## Market Overview

As of 1:00 pm, 19th Aug. 2020

| MYANPIX | 439.86 ▲ 2.42 |
| --- | --- |
| Total Volume (shares) | 3,612 |
| Total Value (MMK) | 22 mil |
| Listed Company | 6 |
| Market Cap. (MMK) | 654,485 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 3,100 | ▲ 50 |

TIR